ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# အမျိုးသားပညာရေးအဆင့်မူဘောင်

၂၀၂၂ ခုနှစ်၊ မေလ (၅) ရက်

# မာတိကာ


အခန်း (၁)၊ မြန်မာနိုင်ငံအမျိုးသားပညာရေးအဆင့်မှုဘောင်၏ ရည်မှန်းချက်များ

အခန်း (၂)၊ အမျိုးသားပညာရေးအဆင့်မှုဘောင်နှင့် အဆင့်အလိုက်ပေးအပ်သောဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ

အခန်း (၃)၊ အမျိုးသားပညာရေးအဆင့်မှုဘောင်၏အဆင့်အလိုက် တတ်မြောက်မှုနှင့် လုပ်ဆောင်နိုင်မှုကို ဖော်ပြခြင်း

## အခန်း(၁)

## မြန်မာနိုင်ငံအမျိုးသားပညာရေးအဆင့်မှုဘောင်၏ ရည်မှန်းချက်များ

မြန်မာနိုင်ငံအမျိုးသားပညာရေးအဆင့်မှုဘောင်၏ အဓိကရည်မှန်းချက်များမှာ-

(၁) အရည်အသွေးအာမခံမှု၊ အရည်အသွေးစံနှုန်းများနှင့် သင်ယူမှုရလာဒ်ဆိုင်ရာ အမျိုးသားရေး မူဝါဒများ ခိုင်မာစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊

(၂) ပညာရေးပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအဖြစ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လိုအပ်ချက်၊ အလုပ်အကိုင်ခန့်ထားသူများ၏ လိုအပ်ချက်နှင့် လုပ်ငန်းခွင်လိုအပ်ချက်များနှင့် ကိုက်ညီသော ဘွဲ့ဒီဂရီနှင့်သင်တန်းများဖြစ်စေရန်နှင့် ပညာအရည်အသွေးအပေါ် အများပြည်သူ၏ ယုံကြည်မှုကို တိုးမြင့်လာစေရန်၊

(၃) ပညာအရည်အသွေး သတ်မှတ်မှုများသည် ပွင့်လင်းမြင်သာမှုရှိပြီး၊ ဒေသတွင်း နှိုင်းယှဉ်ခံနိုင်သည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်းမှပါ မြန်မာ့ပညာအရည်အသွေး သတ်မှတ်မှုများကို အသိအမှတ်ပြုလာ စေရေးဆောင်ရွက်ပေးရန်၊

(၄) ဘွဲ့ကြိုနှင့် ဘွဲ့လွန်အဆင့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်အဆင့် သင်တန်းများကို ချိတ်ဆက် ပေးရန်အတွက် သင့်လျော်သော လမ်းကြောင်းများကို ဖန်တီးပေးရန်၊

(၅) Credit Transfer စနစ်အား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ခြင်းဖြင့် ပညာသင်ကျောင်းသူ ကျောင်းသားများနှင့် ဝန်ထမ်းများ ပြောင်းရွှေ့သင်ကြားခြင်းကို ပံ့ပိုးပေးရန်၊

(၆) ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းများမှရရှိလာသော ကြိုတင်လေ့လာသင်ယူခြင်းနှင့် အတွေ့အကြုံများကို အသိအမှတ်ပြုခြင်းဖြင့် ပြောင်းလဲသင်ယူနိုင်ရန် လွယ်ကူသောပညာရေးနှင့် ဘဝတစ်သက်တာသင်ယူမှုကို ပံ့ပိုးပေးရန်၊

(၇) အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ အရည်အသွေးများနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာအရည်အသွေးများသည် တူညီစွာအရေးပါကြောင်း ပညာရေးနှင့်နီးနွယ်ဆက်စပ်သူများက ယုံကြည် လက်ခံလာစေရေးဆောင်ရွက်ရန်၊

(၈) မြန်မာ့လူ့စွမ်းအားရင်းမြစ်များ၏ စွမ်းပကားနှင့်စွမ်းဆောင်နိုင်စွမ်းတို့ကို ပေါင်းစည်းရေးအတွက် ပံ့ပိုး ပေးရန်။

**အခန်း (၂)**

## မြန်မာနိုင်ငံ၏အမျိုးသားပညာရေးအဆင့်မူဘောင်နှင့် အဆင့်အလိုက်ပေးအပ်သော ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ

ဇယား ၁း မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးအဆင့်မူဘောင်နှင့် အဆင့်အလိုက် ပေးအပ်သော ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့်အောင်လက်မှတ်များ

<table>
<tr><th colspan="2">အဆင့်</th><th colspan="3">ကျောင်းပညာရေးဆိုင်ရာ ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ</th><th>ကျောင်းပြင်ပပညာရေး ဆိုင်ရာအောင်လက်မှတ်များ</th></tr>
<tr><td>၈</td><td rowspan="3">အဆင့်မြင့်ပညာ</td><td colspan="3">ပါရဂူဘွဲ့</td><td rowspan="3"></td></tr>
<tr><td>၇</td><td colspan="3">မဟာဘွဲ့</td></tr>
<tr><td>၆</td><td colspan="3">ဘွဲ့လွန်ဒီပလိုမာ၊ ဘွဲ့လွန်အောင်လက်မှတ်<br>ရိုးရိုးဘွဲ့ (ဂုဏ်ထူးတန်း)၊ ရိုးရိုးဘွဲ့</td></tr>
<tr><td>၅</td><td>ကာလတို အဆင့်မြင့်ပညာ</td><td rowspan="2"></td><td>အဆင့်မြင့်ဒီပလိုမာ (၁-၃) နှစ်</td><td>နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ဒီပလိုမာ(၂-၃) နှစ်</td><td></td></tr>
<tr><td>၄</td><td>အခြေခံ ပညာလွန်၊ အဆင့်မြင့်ပညာ ပေါင်းကူး</td><td>ဒီပလိုမာ/ အောင်လက်မှတ် (၁) နှစ်</td><td>နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ အောင်လက်မှတ် (၁)နှစ်အောက်</td><td>သက်မွေးပညာ/ ကျွမ်းကျင်မှုဆိုင်ရာ အောင်လက်မှတ်</td></tr>
<tr><td>၃</td><td rowspan="3">အခြေခံပညာ</td><td colspan="2">အထက်တန်းအဆင့် ကျောင်းပညာ</td><td>နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ အထက်တန်းအဆင့် ကျောင်းပညာ</td><td>သက်မွေးပညာ/ ကျွမ်းကျင်မှုဆိုင်ရာ အောင်လက်မှတ်</td></tr>
<tr><td>၂</td><td colspan="2">အလယ်တန်းအဆင့် ကျောင်းပညာ</td><td></td><td>*သက်မွေးပညာ/ ကျွမ်းကျင်မှုဆိုင်ရာ အောင်လက်မှတ်</td></tr>
<tr><td>၁</td><td colspan="2">မူလတန်းအဆင့် ကျောင်းပညာ</td><td></td><td>*သက်မွေးပညာ/ ကျွမ်းကျင်မှုဆိုင်ရာ အောင်လက်မှတ်</td></tr>
</table>

**မှတ်ချက်***

**ဤ ပညာရေးအဆင့်သည် သက်ဆိုင်ရာ အလုပ်သမားဥပဒေများအရ အလုပ်လုပ်ကိုင်ရန် ခွင့်ပြု ထားသော အသက်အပိုင်းအခြားအတွင်း ရှိနေသူများအတွက်သာ ဖြစ်သည်။**

**အခန်း (၃)**

**အမျိုးသားပညာရေးအဆင့်မူဘောင်**

**အဆင့်အလိုက် တတ်မြောက်မှုနှင့် လုပ်ဆောင်နိုင်မှုကိုဖော်ပြခြင်း**

ဇယား(၂): အမျိုးသားပညာရေးအဆင့်မူဘောင်အဆင့်အလိုက် တတ်မြောက်မှုနှင့်လုပ်ဆောင်နိုင်မှုဖော်ပြခြင်း

| **အဆင့်** | **အသိပညာနှင့်ကျွမ်းကျင်မှု** | **တတ်မြောက်မှုကိုပြန်လည်အသုံးချခြင်း** | **စွမ်းဆောင်နိုင်မှု** |
|---|---|---|---|
| | အောက်ဖော်ပြပါအတိုင်း အတာအထိတတ်မြောက်သော အသိပညာနှင့်ကျွမ်းကျင်မှု | အောက်ဖော်ပြပါအခြေအနေနှင့် ဝန်းကျင်တွင်တတ်မြောက်ထားသောအသိပညာနှင့်ကျွမ်းကျင်မှုကို ပြန်လည်အသုံးချနိုင်ခြင်း | အောက်ဖော်ပြပါ အခြေအနေနှင့်အဆင့်အထိ လုပ်ဆောင်နိုင်သော စွမ်းဆောင်နိုင်မှု |
| ၈ | • ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် အမြင့်ဆုံးသောအသိပညာများကြောင့်သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ထိပ်တန်းသို့ရောက်ရှိလာနိုင်ခြင်း၊<br>• လွတ်လပ်သောကိုယ်ပိုင်တွေးခေါ်မှုနှင့်သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းကြောင့်အသိပညာသစ်များ(သို့မဟုတ်) လုပ်ဆောင်ချက်အသစ်များကို ဆောင်ရွက်နိုင်ခြင်း၊<br>• ဆန်းသစ်ပြီး နက်နဲသော အတွေးအမြင်များနှင့်အချက်အလက်များမှပေါ်ပေါက်လာသော ကိုယ်ပိုင်နှင့်မှုရင်း ထိုးထွင်းသိမြင်ဖန်တီးနိုင်စွမ်းများကိုပိုင်းခြားသိမြင်နိုင်ခြင်း၊ တွေးခေါ်မြော်မြင်နိုင်ခြင်းနှင့် ခွဲခြားသတ်မှတ်နိုင်ခြင်း။ | • အသစ်သို့မဟုတ်ပြောင်းလဲဖြစ်ပေါ်လာသောအခြေအနေများနှင့်ပတ်သက်၍အထူးပြုကျွမ်းကျင်တတ်မြောက်လာနိုင်သည့် အခြေအနေ၊<br>• ခက်ခဲနက်နဲပြီး နားလည်ရခက်သောအရေးကြီးပြဿနာများကိုဖြေရှင်းပေးနိုင်မည့် သဘောတရား (သီအိုရီ)များ စမ်းသပ်ဖော်ထုတ်နိုင်သည့် နယ်ပယ်၊<br>• စီမံခန့်ခွဲရာတွင်ခိုင်မာ၍ ကျွမ်းကျင်ပိုင်နိုင်သည့် ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်ရန်လိုအပ်သည့်အခြေအနေ၊<br>• ပညာရပ်ဆိုင်ရာ အသိပညာများနှင့်တီထွင်မှုဆိုင်ရာ အလေ့အကျင့်များကို ပိုမိုတိုးချဲ့စိတ်ကူးသစ်လုပ်ငန်းသစ်များ ဖန်တီးမှုအတွက်အဓိကကျသော တာဝန်ယူ တာဝန်ခံနိုင်သည့်အခြေအနေ။ | • ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ဖြောင့်မတ်မှုအမြင့်ဆုံးအဆင့်၊<br>• အထူးကျွမ်းကျင်မှု နယ်ပယ်တွင်ချဉ်းကပ်မှု အသစ်များရှာဖွေနိုင်ခြင်း၊<br>• ရှုပ်ထွေးပြီးကွဲပြားမှု ရှိသောကျင့်ဝတ်စံနှုန်းများကိုကောင်းစွာသိရှိ နားလည်ပြီးကျင့်ဝတ်ဆိုင်ရာပြဿနာများနှင့် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း။ |

| အဆင့် | အသိပညာနှင့်ကျွမ်းကျင်မှု | တတ်မြောက်မှုကိုပြန်လည်အသုံးချခြင်း | စွမ်းဆောင်နိုင်မှု |
|---|---|---|---|
| ၇ | • ဘာသာရပ်နယ်ပယ်တစ်ခု၏ ကနဦးအသိပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်း၊<br>• အသိပညာ သို့မဟုတ် အလေ့အကျင့်တို့ကို တိုးမြင့်လာစေရန် သို့မဟုတ် ဆန်းသစ်လာစေရန်အတွက် ကောင်းစွာဝေဖန်ပိုင်းခြားနိုင်မှုနှင့်လွတ်လပ်စွာ တွေးခေါ်နိုင်ခြင်း။ | • အသစ်သို့မဟုတ်ပြောင်းလဲဖြစ်ပေါ်လာသောအခြေအနေများနှင့်ပတ်သက်၍ခက်ခဲနက်နဲပြီးမှန်းဆမရသောနယ်ပယ်၊<br>• နားလည်ရန် ခက်ခဲပြီး ပေါ်ပေါက်လာသည့် ပြဿနာများကို ဖြေရှင်းရန် ဆန်းသစ်သောနည်းလမ်းများကိုစမ်းသပ်ဖော်ထုတ်နိုင်သည့် နယ်ပယ်၊<br>• စီမံခန့်ခွဲမှုတွင်အရေးပါသည့် ကျွမ်းကျင်သောဆုံးဖြတ်ချက်များလိုအပ်သောအခြေအနေ၊<br>• ပညာရပ်ဆိုင်ရာအသိပညာများနှင့်အလေ့အကျင့်တို့ကို ပိုမိုတိုးချဲ့ရန်နှင့်စိန်ခေါ်မှုများအတွက်တာဝန်ယူတာဝန်ခံနိုင်သည့်အခြေအနေ။ | • ကျွမ်းကျင်ပိုင်နိုင်မှု အဆင့်မြင့်မားပြီး သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင်စွဲမြဲစွာ ဆောင်ရွက်နိုင်ခြင်း၊<br>• ပညာရပ်ဆိုင်ရာကျင့်ဝတ်စံနှုန်းများကိုထည့်သွင်းစဉ်းစားခြင်းနှင့် ပေါ်ပေါက်လာသော ကျင့်ဝတ်ဆိုင်ရာပြဿနာများကိုကောင်းစွာသိရှိနားလည်ခြင်း။ |
| ၆ | • သတ်မှတ်ဘာသာရပ်နယ်ပယ်တစ်ခုတွင် နည်းပညာ သို့မဟုတ်/ နှင့်သဘောတရား (သီအိုရီ)တို့ကိုအထူးသိရှိခြင်း၊<br>• အတွေးအခေါ်အယူအဆများဖြစ်ပေါ်စေရန်အရင်းမြစ်များစွာမှ ထုတ်နှုတ်ထားသည့် သဘောတရားများ၊အချက်အလက်များနှင့်ကိစ္စရပ်များကို ဆန်းစစ်ဝေဖန်၊ပိုင်းခြား၊ အကဲဖြတ်နိုင်ခြင်းနှင့်/ သို့မဟုတ် ပေါင်းစပ်ညှိနှိုင်းနိုင်ခြင်း။ | • ခက်ခဲနက်နဲပြီး အခြေအနေပေါ်မူတည်၍ ပြောင်းလဲနိုင်ခြင်း၊<br>• ခက်ခဲနက်နဲပြီးနားလည်ရခက်သောပြဿနာဖြေရှင်းနည်းများကို ဖော်ထုတ်ရန်လိုအပ်ခြင်း၊<br>• တစ်ဦးချင်း သို့မဟုတ် စုပေါင်းလုပ်ဆောင်မှုများတွင် ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ လိုက်လျောညီထွေလုပ်ဆောင်နိုင်မှု၊ကိုယ်တိုင် | • ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှု၊ ကိုယ်တိုင်လေ့လာသင်ယူ မှုနှင့်သက်ဆိုင်ရာအလုပ်တွင်စဉ်ဆက်မပြတ် တိုးတက်စေရန် စွဲမြဲစွာဆောင်ရွက် နိုင်ခြင်း၊<br><br>• ပညာရပ်ဆိုင်ရာကျင့်ဝတ်စံနှုန်းများကိုသတိရှိရှိ၊ တက်ကြွစွာလက်ခံခြင်း |

| အဆင့် | အသိပညာနှင့်ကျွမ်းကျင်မှု | တတ်မြောက်မှုကိုပြန်လည် အသုံးချခြင်း | စွမ်းဆောင်နိုင်မှု |
|---|---|---|---|
| | | လမ်းညွှန်မှုနှင့်တာဝန်ယူမှု ရှိခြင်း၊<br>• အရေးပါသောဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်ခြင်း။ | နှင့် မြှင့်တင်ခြင်း။ |
| ၅ | • ယေဘုယျဘာသာရပ် နယ်ပယ်တစ်ခု၏သဘော တရား(သီအိုရီ) သို့မဟုတ်/ နှင့် နည်းပညာများကိုအသေးစိတ် သိရှိခြင်း၊<br>• အသိပညာရယူမှုနည်းလမ်း များကိုခွဲခြမ်းစိတ်ဖြာတွေးခေါ် ပြီးသက်ဆိုင်ရာဘာသာရပ် နယ်ပယ်တွင်အသုံးချနိုင်ခြင်း။ | • အခြေအနေပေါ်မူတည်၍ မကြာခဏ ပြောင်းလဲ နိုင်သောနယ်ပယ်၊<br>• ခက်ခဲနက်နဲပြီးတစ်ခါတစ်ရံ နားလည်ရန်ခက်ခဲသော ပြဿနာများကို ဖြေရှင်း ရသောနယ်ပယ်၊<br>• တစ်ဦးချင်း သို့မဟုတ် စုပေါင်းလုပ်ဆောင်ရာတွင် ကိုယ်တိုင်စီမံခန့်ခွဲနိုင်၍မိမိ ကိုယ်ကိုအကဲဖြတ်နိုင်ပြီး လမ်းညွှန်မှုအနည်းငယ်သာ လိုအပ်သောအခြေအနေ၊<br>• ထိရောက်မှန်ကန်စွာဆုံးဖြတ် ချက်ချရန်လိုအပ်သည့် အခြေအနေ။ | • အရည်အသွေးမြင့်မား သောအသက်မွေးဝမ်း ကျောင်းအလုပ်အကိုင် များအတွက် အာမခံမှု၊<br>• အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၏ တန်ဖိုးနှင့်လူမှုကဏ္ဍတို့ ကို လက်ခံခြင်းနှင့်စစ်မှန် သော ကိုယ်စားပြုခြင်း။ |

| အဆင့် | အသိပညာနှင့်ကျွမ်းကျင်မှု | တတ်မြောက်မှုကိုပြန်လည်အသုံးချခြင်း | စွမ်းဆောင်နိုင်မှု |
|---|---|---|---|
| ၄ | • သဘောတရား (သီအိုရီ) သို့မဟုတ်/ နှင့်နည်းပညာဆိုင်ရာအသိပညာဖြင့်ဘာသာရပ်နယ်ပယ်တစ်ခုကို ယေဘုယျအားဖြင့် လွှမ်းခြုံသိရှိခြင်း၊<br>• အချက်အလက်အသစ်များကို စုစည်းနိုင်ပြီးမှန်ကန်၍ လိုက်လျောညီထွေမှုရှိရန် လုပ်ဆောင်နိုင်ခြင်း။ | • ယေဘုယျအားဖြင့်ကြိုတင်ခန့်မှန်းနိုင်သော်လည်း ပြောင်းလဲနိုင်သည့် အခြေအနေ၊<br>• မတွေ့ကြုံဘူးသော ကိစ္စရပ်များကိုဖြေရှင်းနိုင်သည့်အခြေအနေ၊<br>• အချို့ကိစ္စများတွင်ကိုယ်တိုင်စီမံခန့်ခွဲနိုင်ပြီးလမ်းညွှန်မှုများလိုအပ်သော အခြေအနေ၊<br>• ပေါင်းစပ်ညှိနှိုင်းရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း။ | • အရည်အသွေးရှိသော လုပ်ဆောင်မှုများနှင့် ပညာရပ်များတွင်စွဲမြဲစွာဆောင်ရွက်နိုင်ခြင်း၊<br>• ကျင့်ဝတ်တန်ဖိုးများနှင့် ပြုမူကျင့်ကြံမှုများအကြားဆက်နွှယ်နေမှုကို ကောင်းစွာနားလည်သဘောပေါက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင်ကျင့်ဝတ်စံနှုန်းများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို အသုံးချနိုင်ခြင်း။ |
| ၃ | • ဘာသာရပ်နယ်ပယ်တစ်ခုရှိ ယေဘုယျအခြေခံမှုနှင့် အချက်အလက်များ၊ အချို့သောသဘောတရား (သီအိုရီ)နှင့်အယူအဆဆိုင်ရာ နယ်ပယ်တို့ကို သိရှိခြင်း၊<br>• သင့်လျော်သော အခြေခံနည်းလမ်းများ၊ ကိရိယာများ၊ ပစ္စည်းများနှင့်အချက်အလက်များကိုရွေးချယ်၍အသုံးချနိုင်ခြင်း။ | • အချို့အခြေအနေတွင် ပြောင်းလဲမှုဖြင့်တည်ငြိမ်ခြင်း ၊<br>• အချို့သောပြဿနာများကို မိမိကိုယ်တိုင်အမှီအခိုကင်းစွာ ဖြေရှင်းနိုင်သော နယ်ပယ်၊<br>• ယေဘုယျလမ်းညွှန်မှုများလိုအပ်သောအခြေအနေ၊<br>• စီမံကိန်းရေးဆွဲရာတွင် ဆင်ခြင်သုံးသပ်၍ | • သက်ဆိုင်ရာစိတ်ဝင်စားသည့်နယ်ပယ်တွင် စွဲမြဲစွာဆောင်ရွက်နိုင်ခြင်း၊<br>• လက်ခံထားသောလူမှုရေး စံနှုန်းများနှင့်အညီ လိုက်နာနိုင်ခြင်း။ |

| အဆင့် | အသိပညာနှင့်ကျွမ်းကျင်မှု | တတ်မြောက်မှုကိုပြန်လည်အသုံးချခြင်း | စွမ်းဆောင်နိုင်မှု |
|---|---|---|---|
| ၂ | • ဘာသာရပ်နယ်ပယ်တစ်ခုတွင်<br>အထွေထွေနှင့်အချက်အလက်ဆိုင်ရာ အသိပညာများရှိခြင်း၊<br>• စံသတ်မှတ်ထားသည့် လုပ်ဆောင်ချက်များ သို့မဟုတ်နည်းစနစ်များကို တာဝန်ယူဆောင်ရွက်နိုင်ခြင်း။ | • စနစ်တကျ ဖွဲ့စည်းထားပြီး ပြောင်းလဲမှုမရှိသောနယ်ပယ်၊<br>• တွေ့ကြုံနေကျပြဿနာများကိုဖြေရှင်းရသည့်နယ်ပယ်၊<br>• ပုံမှန်ကြီးကြပ်မှုလိုအပ်သောအခြေအနေ၊<br>• အချို့ကိစ္စများတွင်ဆင်ခြင် | • လုပ်ဆောင်မှုအမျိုးမျိုးကိုဆောင်ရွက်လိုခြင်းနှင့် ကိုယ်တိုင်သိရှိနားလည်အောင်ပြုလုပ်နိုင်ခြင်း၊<br>• အခြေခံကိုယ်ကျင့်တရားနှင့်အများဆိုင်ရာတန်ဖိုးထားမှု၊နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကိုသိရှိ |
| ၁ | • ဘာသာရပ်နယ်ပယ်တစ်ခုတွင်<br>အခြေခံသို့မဟုတ်အထွေထွေ အသိပညာရှိခြင်း<br>• သမားရိုးကျပုံမှန်လုပ်ဆောင်မှုများကိုပြုလုပ်ရန်လွယ်ကူရိုးရှင်းသောစည်းမျဉ်းများကို လိုက်နာဆောင်ရွက်နိုင်ခြင်း။ | • စနစ်တကျတိကျစွာဖွဲ့စည်းထားပြီးကောင်းစွာသတ်မှတ်ထားသည့် နယ်ပယ်၊<br>• လွယ်ကူရိုးရှင်းပြီးတွေ့ကြုံနေကျပြဿနာများကိုဖြေရှင်း နိုင်သည့်အခြေအနေ၊<br>• အနီးကပ်ပံ့ပိုးကူညီမှုနှင့် ကြီးကြပ်မှုလိုအပ်သောအခြေအနေ၊<br>• ဆင်ခြင်သုံးသပ်မှုသို့မဟုတ် ဝေဖန်ဆုံးဖြတ်မှုအနည်းငယ် | • လုပ်ငန်းဆောင်တာများကိုနားလည်သဘောပေါက်လိုစိတ်နှင့် အောင်မြင်စွာအကောင်အထည်ဖော်လိုသည့် စိတ်ဆန္ဒများရှိခြင်း၊<br>• အခြားသူများနှင့်အတူတကွလုပ်ဆောင်ရန်နှင့် အသိပညာမျှဝေရန် အဆင်သင့်ဖြစ်နေခြင်း။ |

# အမျိုးသားပညာရေးအဆင့်မူဘောင်ဦးဆောင်ကော်မတီ

အမျိုးသားပညာရေးအဆင့်မူဘောင်ဦးဆောင်ကော်မတီ (National Qualifications Framework Steering Committee) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ၁ | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| ၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| ၄ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ | အဖွဲ့ဝင် |
| ၅ | အတွင်းရေးမှူး၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဌာန်းရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆ | ဥက္ကဋ္ဌ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ | အဖွဲ့ဝင် |
| ၇ | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈ | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉ | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁ | ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂ | ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃ | ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၄ | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၅ | ပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၆ | ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| ၁၇ | ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| ၁၈ | တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ၁၉ | ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | အတွင်းရေးမှူး |

## အမျိုးသားပညာရေးအဆင့်မူဘောင်ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁။ အမျိုးသားပညာရေးအဆင့်မူဘောင်၏ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များချမှတ်ရန်၊

၂။ အမျိုးသားပညာရေးအဆင့်မူဘောင်၏ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု တိုင်းတာအကဲဖြတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်ရန်၊

၃။ အမျိုးသားပညာရေးအဆင့်မူဘောင်ကို အသုံးပြုနိုင်ရေးအတွက် ကျောင်းသားများ၊ မိဘများ၊ အလုပ် အကိုင်ခန့်ထားသူများ၏ သိရှိနားလည်မှုကိုမြှင့်တင်ရန်၊

၄။ မြန်မာနိုင်ငံ၏အမျိုးသားပညာရေးအဆင့်မူဘောင်နှင့် အာဆီယံပညာရေးအညွှန်းမူဘောင် (ASEAN Qualifications Reference Framework – AQRF) တို့ ချိတ်ဆက်ဆောင်ရွက်ခြင်းကိုကြီးကြပ်ရန်၊

၅။ အမျိုးသားပညာရေးအဆင့်မူဘောင်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့်လေ့ကျင့်ရေးကို ဆောင်ရွက်နေကြသော အခြားသော ဝန်ကြီးဌာနများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် ညှိနှိုင်းပူးပေါင်း ပေးရေးအဖွဲ့အဖြစ် ဆောင်ရွက်ရန်၊

၆။ အမျိုးသားပညာရေးအဆင့်မူဘောင်၏ အသုံးဝင်မှုကို ကာလအလိုက် ဆန်းစစ်သုံးသပ်ရန်နှင့် လိုအပ် ပါက မူဘောင်ကိုပြင်ဆင်ရန်၊

၇။ အမျိုးသားပညာရေးအဆင့်မူဘောင်ဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်း များနှင့် အချိန်နှင့်တပြေးညီ ပူးပေါင်းဆောင်ရွက်ရန်၊

၈။ လိုအပ်ပါက ကော်မတီကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန်။